# အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂နှစ်အောက်ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် တိုးချဲ့ခြင်းစီမံကိန်း

## လူမှုရေးဆိုင်ရာ ဆန်းစစ်ချက်

## နိဒါန်း

- ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းများအား အကောင်အထည်ဖော်ရာ၌ လူမှုရေး ဆိုင်ရာဆန်းစစ်ချက် နှင့် ရပ်ရွာပါဝင်ဆောင်ရွက်မှုအစီအစဉ်တို့ ပြုလုပ်ရန် လိုအပ်ပါသည်။
    - လူမှုရေးဆိုင်ရာဆန်းစစ်ချက် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ချို့တဲ့နွမ်းပါးသူများနှင့် ထိခိုက် လွယ်သောအခြေအနေတွင် ရှိသူများအတွက် အကျိုးခံစားခွင့်များအား မြှင့်တင်ရန်အပါအဝင် စီမံကိန်း နှင့်ဆက်စပ်ပတ်သက်နေသူများ၏ စိုးရိမ်မှုများအား ပိုမိုတုံ့ပြန်ဖြေရှင်းနိုင်စွမ်းရှိသည့် စီမံကိန်းတစ်ခု ဖြစ်စေရန် ဖြစ်ပါသည်။
    - ရပ်ရွာပါဝင်ဆောင်ရွက်မှုအစီအစဉ်သည် စီမံကိန်းကြောင့် သက်ရောက်မှုတစ်စုံတစ်ရာရှိသော သူများအား ကာလံဒေသံနှင့် ကိုက်ညီဆီလျော်သော အကျိုးခံစားခွင့်များကို ရရှိစေနိုင်ရေး နှင့် ရောက်ရှိရန်ခက်ခဲသောသူများထံသို့ပါ စီမံကိန်းလွှမ်းခြုံနိုင်စေရန် အစီအမံများ ရေးဆွဲနိုင်ရေး တို့အတွက် ဖြစ်ပါသည်။
- လူမှုရေးဆိုင်ရာ ဆန်းစစ်ချက်နှင့် ရပ်ရွာပါဝင်ဆောင်ရွက်မှုအစီအစဉ်များ ပြုလုပ်ပြီးနောက်တွင် တွေ့ရှိချက်များနှင့် အစီအမံများအပေါ် တိုင်ပင်ဆွေးနွေးနိုင်ရန်နှင့် ပတ်သက်ဆက်စပ်သူများ၏ အမြင် ယူဆချက်များအား မေးမြန်းနိုင်ရန်အတွက် တွေ့ဆုံညှိနှိုင်းပွဲများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## လူမှုရေးရာ ဆန်းစစ်ချက်ဆောင်ရွက်သည့် နည်းလမ်းနှင့် ကန့်သတ်ချက်များ

## ပေါင်းစပ်နည်းလမ်းဖြင့်ဆောင်ရွက်ထားသော လေ့လာမှု

- တည်ဆဲအရေအတွက်ဆိုင်ရာ အချက်အလက်များ နှင့် တွေ့ဆုံမေးမြန်းမှုများ မှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူထားသော အရည်အသွေးဆိုင်ရာ အချက်အလက်များ
- ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်းများ
- ပုံမှန်နှင့် အလွတ်သဘော တိုင်ပင်ဆွေးနွေးမှုများနှင့်
- အစီရင်ခံစာများ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ လက်ရှိအသုံးပြုလျက်ရှိသော ငွေကြေးအထောက်အပံ့ပေးသည့် အစီအစဉ်အကောင်အထည်ဖော်မှု လက်စွဲစာအုပ်များ အပေါ် သုံးသပ်ချက်များ

## ကန့်သတ်ချက်များ

- နယ်မြေကြီးမားကျယ်ပြန့်ပြီး ကွဲပြားခြားနားမှုများပြားသော ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အကောင်အထည်ဖော်ရန် အဆိုပြုထားသည့် စီမံကိန်းနှင့်ဆက်နွယ်၍ လေ့လာဆန်းစစ်ရန် အကြောင်းအရာ များပြားခြင်းနှင့် လူမှုရေးဆိုင်ရာအကြောင်းအရာများ ကျယ်ပြန့်လွန်းခြင်း၊
- စစ်တမ်းကောက်ယူမေးမြန်းသည့် နမူနာ နည်းပါးလွန်းခြင်း။ ကိုယ်စားပြုနိုင်မှုသည် တွေ့ရှိချက်များအတွက် အရေးကြီးပါသည်။ မြို့နယ်နှင့် ကျေးရွာများရွေးချယ်မှုသည် ဆက်စပ်ပတ်သက်သူအားလုံးအား ကိုယ်စားပြု နိုင်လိမ့်မည် မဟုတ်ပါ။
- ကျေးရွာများ ကနဦးရွေးချယ်မှုကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနများက ဦးဆောင်ဆောင်ရွက်ခဲ့ပြီး သွားရောက်ရလွယ်ကူသော ကျေးရွာများအား ရွေးချယ်ခဲ့ပါသည်။ တချို့သောဖြစ်ရပ်များ၌ မြို့နယ်များသို့ ရောက်ရှိပြီးနောက် ပိုမိုဝေးလံသောကျေးရွာများသို့ သွားရောက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရီးစဉ်အစီအစဉ်အား ပြင်ဆင်ခွင့် ပြုခဲ့ပါသည်။
- ဧရာဝတီတိုင်းဒေသကြီး၌ ရွေးချယ်ခဲ့သော ကျေးရွာအများစုသည် ဗမာကျေးရွာများဖြစ်ကြပါသည်။
- ပဋိပက္ခဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားနေရသည့် ဒေသများသို့ သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။

## တွေ့ဆုံမေးမြန်းခဲ့မှုများ

| တွေ့ဆုံမေးမြန်းမှု | ဆန်းစစ်မှုဆောင်ရွက်သည့် နေရာများနှင့် ပါဝင်ဖြေကြားသူများ | တွေ့ဆုံမေးမြန်းမှု များ |
|---|---|---|
| **တစ်စိတ်တစ်ဒေသ ပုံစံပြုထားသော တွေ့ဆုံမေးမြန်းမှုများ** | ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ် အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနများအား အဓိကထား<br><br>မှတ်ချက်- ဒေသတစ်ခုတွင် မြို့နယ်(၃)ခု | ၂၄ (၁၂ x ၂) |
| **အဓိကသတင်းအချက်အလက် ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ** | ကျေးရွာအုပ်စုခေါင်းဆောင် (၁၈)ဦး၊ သားဖွားဆရာမ (၁၈)ဦး<br><br>မှတ်ချက် - တစ်မြို့နယ်လျှင် (၃)ရွာ | ၃၆ (၁၈ x၂) |
| **ဦးတည်အုပ်စုများအား တွေ့ဆုံမေးမြန်းခြင်း** | ဦးတည်အုပ်စု ၁ -  ကျေးရွာအမျိုးသမီးအုပ်စု (၁၈) စု<br><br>ဦးတည်အုပ်စု ၂ - ကျေးရွာရှိလူစုံပါဝင်သောအုပ်စု (၁၈) စု<br><br>မှတ်ချက် - တစ်မြို့နယ်လျှင် (၃)ရွာ | ၃၆ (၁၈ x၂) |
| **အိမ်ထောင်စုများအား တွေ့ဆုံမေးမြန်းခြင်း** | ကျေးရွာများ - အသက်(၂)နှစ်အောက်ကလေးရှိသော မိသားစုများနှင့် ကိုယ်ဝန်ဆောင်ရှိသော မိသားစုများအား အဓိကထား၊ စီးပွားရေးအခြေအနေ၊ လူမျိုးစု၊ ကျေးရွာ/မြို့မှ အကွာအဝေး<br><br>မှတ်ချက် - တစ်ရွာလျှင် ၃ အိမ်ထောင်စု | ၇၂ (၂၇x၂) |
| **အခြားဆွေးနွေးမှုများ** | သက်ဆိုင်ရာနယ်မြေအလိုက် အကြောင်းအရာများ အပေါ်မူတည်၍ ထိုအချက်သည် ပြင်လွယ်ပြောင်း လွယ်ရှိပြီး စောင့်ကြည့်မှုနှင့် တွေ့ဆုံမေးမြန်းသူ၏ ဆုံးဖြတ်ချက်အပေါ်မူတည်ပါသည်။<br><br>မှတ်ချက် - တစ်ရွာ တစ်ခု (နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူမျိုးစုများ) | ၁၈ (၉ x ၂) |
| **စုစုပေါင်း** | | ၁၈၆ |

# တွေ့ဆုံမေးမြန်းခဲ့သူများ

| မြို့နယ် | ဆက်စပ်ဌာနများနှင့် တစ်စိတ်တစ်ပိုင်း ပုံစံပြုထားသော တွေ့ဆုံမေးမြန်းခြင်း | သတင်းအချက်အလက် အဓိက ပေးနိုင်သူများနှင့် တွေ့ဆုံ မေးမြန်းခြင်း | ဦးတည်အုပ်စုများဖြင့် တွေ့ဆုံမေးမြန်း ခြင်း | အိမ်ထောင်စု | ကျား | မ | မျိုးနွယ်စု | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဗမာ | ကရင် | ချင်း | ပအို့ | ရှမ်း | နီပေါ | အခါ | လားဟူ | ရခိုင် | လီဆူး | အမ်း | ရောနှော |
| **ရာဝတီ** | | | | | | | | | | | | | | | | | | |
| ပုသိမ် | ၂ | | | | ၄ | ၂ | ၆ | | | | | | | | | | | |
| ချောင်းသာ မြို့နယ်ခွဲ | ၃ | ၂ | ၇ | ၁၁ | ၂၇ | ၄၄ | ၅၉ | | | | | | | | ၁ | | | ၁ |
| လပွတ္တာ | ၄ | ၄ | ၇ | ၉ | ၁၃ | ၃၅ | ၄၃ | ၃ | | | | | | | ၁ | | | ၁ |
| ကြံခင်း | ၃ | ၆ | ၆ | ၉ | ၂၈ | ၃၂ | ၅၉ | ၁ | ၁ | | | | | | | | | |
| **ရှမ်း** | | | | | | | | | | | | | | | | | | |
| တောင်ကြီး | ၂ | | | | ၁ | ၂ | ၁ | | | | ၁ | | | | | | | |
| ဟိုပန် | ၃ | ၃ | ၆ | ၈ | ၁၅ | ၃၈ | ၅ | | | ၄၅ | ၁ | ၁ | | | | | | ၁ |
| ကျိုင်းတုံ | ၃ | ၄ | ၆ | ၁၁ | ၃၇ | ၆၀ | ၁ | | | | ၂၀ | | ၄ | ၅၄ | | | ၁၈ | |
| လားရှိုး | ၆ | ၃ | ၀ | ၆ | ၇ | ၇ | ၄ | | | | ၅ | | | | | ၁ | | |
| စုစုပေါင်း | ၂၆ | ၂၂ | ၃၁ | ၅၃ | ၁၃၂ | ၂၂၀ | ၁၇၈ | ၄ | ၁ | ၄၅ | ၂၇ | ၁ | ၄ | ၅၄ | ၂ | ၁ | ၁၈ | ၃ |

## သုတေသနမေးခွန်းများ

- ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်မည့် စီမံကိန်းအကောင်အထည်ဖော်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအား အဆင်ပြေချောမွေ့စေနိုင်သည့် သို့မဟုတ် အဟန့်အတားဖြစ်စေနိုင်သည့် အရေးကြီးသော လူမှုရေးဆိုင်ရာ အကြောင်းအရာများ
- မျိုးနွယ်စု၊ ရိုးရာအစဉ်အလာ၊ ဘာသာစကားတို့နှင့်ဆက်စပ်ပြီး ထည့်သွင်းစဉ်းစားရန်လိုအပ်သည့် အရေးကြီးသော ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားခြားနားမှုများ
- ကျား/မ၊ မျိုးနွယ်စု၊ ဘာသာရေး၊ နိုင်ငံရေးဆိုင်ရာ ဆက်စပ်ပတ်သက်မှုနှင့် မသန်စွမ်းမှုများက စီမံကိန်းတွင် ပါဝင်ခွင့်ရရှိမှုအပေါ် အတိုင်းအတာမည်မျှအထိ သက်ရောက်မှုရှိနိုင်မည်နည်း၊ ဖယ်ကျဉ်ခံရမှုကို ပိုမိုဖြစ်ပေါ်စေမည်နည်း
- စာတတ်မြောက်မှုနှင့် ပညာရေးအဆင့်၊ ဆင်းရဲနွမ်းပါးမှုအခြေအနေနှင့် အိမ်ထောင်စုများတည်နေရာ တို့နှင့် ပတ်သက်သည့် အရေးပါသော အကြောင်းအရာများ
- အဆိုပြုစီမံကိန်းကြောင့် မရည်ရွယ်ဘဲ ဖြစ်လာနိုင်သည့် ဘေးအန္တရာယ်များနှင့် ထိုဘေးအန္တရာယ် များကို တစ်ဦးချင်း၊ အိမ်ထောင်စုနှင့် ရပ်ရွာအဆင့်အခြေအနေများတွင် မည်ကဲ့သို့ အနည်းဆုံး ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုသော အကြောင်းအရာများ

## အရေးကြီးသည့် အကြောင်းအရာများနှင့် လေ့လာဆန်းစစ်သည့်နယ်ပယ်များ

**၁။ အဖွဲ့အစည်းဆိုင်ရာ တာဝန်များနှင့် အခန်းကဏ္ဍများ** - လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးနှင့် အခြားဆက်စပ်ဌာနများနှင့် လုပ်ဆောင်သူများအကြား ပူးပေါင်း ဆောင်ရွက်နိုင်မှု ဖြစ်နိုင်ခြေများ။

**၂။ အာဟာရဆိုင်ရာ လက်ရှိစံနှုန်းများ** - အိမ်ထောင်စုနှင့် ရပ်ရွာအဆင့်တွင်ရှိသော စိန်ခေါ်မှုများအပါအဝင် လက်ရှိအသုံးပြုနေသော စံနှုန်းများနှင့် စံနှုန်းများအပေါ် သက်ရောက်နေသာ အကြောင်းအရာများ။

**၃။ ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးနောက် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လက်ရှိစံနှုန်းများ** - အိမ်ထောင်စုနှင့် ရပ်ရွာအဆင့်တွင်ရှိသော စိန်ခေါ်မှုများအပါအဝင် လက်ရှိအသုံးပြုနေသာစံနှုန်းများနှင့် စံနှုန်းများအပေါ် သက်ရောက်နေသာ အကြောင်းအရာများ။

**၄။ အမူအကျင့် ပြောင်းလဲရေးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း** - ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရအသိပညာပေးဆိုင်ရာ လက်ရှိဆက်သွယ်ဆောင်ရွက်နေမှုများ၊ အသိပညာပေး ဆက်သွယ်ဆောင်ရွက်မှုအပေါ် သက်ရောက်မှုရှိသော လူမှုရေးဆိုင်ရာအကြောင်းအရာများနှင့် အလေ့အထကောင်းများ။

**၅။ ငွေကြေးထောက်ပံ့မှုများနှင့် ပိုမိုဆန္ဒရှိသောပုံစံ** - လက်ရှိအသုံးပြုနေသော ငွေကြေးထောက်ပံ့မှုပုံစံများ၊ စိုးရိမ်စရာအချက်များ၊ စိန်ခေါ်မှုများ၊ ငွေကြေးထောက်ပံ့မှုအပေါ် သက်ရောက်မှုရှိသော လူမှုရေးဆိုင်ရာ အကြောင်းအရာများ၊ ပုံစံအသီးသီးတွင်ရှိနေသော ဖြစ်တန်စွမ်းရှိသည့် အန္တရာယ်များ။

**၆။ တိုင်းရင်းသားလူနည်းစုများနှင့် အစီအစဉ်တွင်ပါဝင်မှု** - ရပ်ရွာ၊ ဒေသနှင့် ပြည်နယ်၊တိုင်းဒေသကြီး အဆင့်များတွင် တိုင်းရင်းသားလူနည်းစုများအား ထည့်သွင်းပါဝင်မှု။

**၇။ အခြားထိခိုက်လွယ်သောအခြေအနေတွင်ရှိသူများ** - ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများ၊ မုဆိုးမများ၊ အလွဲသုံးတတ်သော အိမ်ထောင်ဖက်ရှိသည့် မိခင်များ၊ အရက်စွဲသူရှိသည့် မိသားစုများနှင့် ရွှေ့ပြောင်း နေထိုင်သူများ။

**၈။ စီမံကိန်းဒေသရှိ ပဋိပက္ခ** - လက်နက်ကိုင်ပဋိပက္ခနှင့် ရပ်ရွာချင်းပဋိပက္ခများ ဖြစ်ပွားမှုနှင့် သက်ရောက်မှုများ။

## ၁။ အဖွဲ့အစည်းဆိုင်ရာ တာဝန်နှင့် အခန်းကဏ္ဍများ

**<u>တွေ့ရှိချက်များ</u>**

- လက်ရှိအနေအထား၌ လူမှုဝန်ထမ်းဦးစီးဌာန၏ ရုံးနှင့် ဝန်ထမ်းအရေအတွက်သည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အကန့်အသတ်ရှိနေပါသည်။
- လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လာမည့်ဆယ်စုနှစ်အတွင်း ဝန်ထမ်းအင်အားတိုးချဲ့သွားမည့် အစီအစဉ်များ ရှိပါသော်လည်း အချိန်ယူရမည် ဖြစ်ပါသည်။
- ကျေးရွာတိုင်းအတွက် တာဝန်ပေးထားသော သားဖွားဆရာမ ရှိသော်လည်း အချို့သော ဝေးလံခေါင်ဖျား ဒေသများသို့ ပုံမှန်သွားရောက်နိုင်ခြင်းမရှိပါ။ အခြားရွေးချယ်စရာဖြစ်သော လေ့ကျင့်သင်ကြားပေးထားသည့် အရန်သားဖွားဆရာမများ ရွာတိုင်းတွင်မရှိပါ (ရှမ်း/ရောဝတီ ဒေသ ၂ ခု စလုံးတွင်)
- အစိုးရအုပ်ချုပ်သောဒေသများရှိ ကျေးရွာအားလုံးတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်း/ခန့်အပ်ထားသောသူများ ရှိပါသည်။ ရှင်းလင်းသော ဆက်သွယ်ရေးလမ်းကြောင်းလည်းရှိပါသည်။
- လက်ရှိတွင် ကျေးရွာအဆင့် ကော်မတီများနှင့် စေတနာ့ဝန်ထမ်းများ တည်ရှိမှုနှင့် အသက်ဝင်မှုသည် ဒေသအလိုက် ကွဲပြားခြားနားပါသည်။ သွားရောက်လေ့လာခဲ့သည့် မြို့နယ်များရှိ မည်သည့်ကျေးရွာတွင်မှ လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီ ဖွဲ့စည်းထားခြင်း မရှိသေးပါ။

**<u>အဓိကကျသည့် အကြံပြုချက်များ</u>**

- မြို့နယ်အဆင့်ရုံးများ များများစားစားဖွင့်လှစ်နိုင်ရေးအတွက် မဟာဗျူဟာမြောက် ကြိုတင်ပြင်ဆင်ခြင်း/ စီမံကိန်းရေးဆွဲခြင်းနှင့် ရန်ပုံငွေပြင်ဆင်ခြင်းတို့ လိုအပ်ပါသည်။ (ဥပမာ - ရုံးခန်းနေရာ၊ ဝန်ထမ်းခန့်ထားခြင်း၊ ရုံးသုံး ပရိဘောဂများ ဝယ်ယူခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာသတင်းအချက်အလက်၊ အင်တာနက်စသည်ဖြင့်)
- ငွေကြေးထောက်ပံ့ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဌာနတွင်းနှင့် ဌာနပြင်ပ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ခြင်း
- အဆင့်အားလုံးတွင် ဆက်စပ်လုပ်ငန်းဌာနများ (ထွေအုပ်၊ ပြည်သူ့ကျန်းမာရေး)နှင့် ပေါင်းစပ်ညှိနှိုင်းခြင်း။
- လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီထက် ရပ်ရွာစေတနာ့ဝန်ထမ်းများအား အသုံးပြုခြင်း (လေ့ကျင့်၊ အခကြေးငွေပေး၊ ဆွဲဆောင်)

- ရှင်းလင်းသော ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်၊ ရိုးရှင်း၍ ဗဟိုမှစီမံခန့်ခွဲသော စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်နှင့် ဆက်သွယ်ဆောင်ရွက်မှုနှင့် လေ့ကျင့်သင်တန်းပေးမှုများတွင် ကနဦးရင်းနှီးမြှုပ်နှံမှုများ အပါအဝင် နစ်နာမှုများအား တိုင်ကြားဖြေရှင်းနိုင်သည့် စနစ်တစ်ရပ် ထူထောင်ခြင်း။

## ၂။ အာဟာရ

**<u>တွေ့ရှိချက်များ</u>**

- မိသားစု၏ အာဟာရစံနှုန်းများသည် ယင်းမိသားစု၏ ဆင်းရဲနွမ်းပါးမှုအဆင့်အပါအဝင် ဈေးမှ ၎င်းတို့ဝယ်ယူစားသုံးရန် တတ်နိုင်သည့်အချက်များအပေါ် မူတည်သကဲ့သို့ ၎င်းတို့နေထိုင်ရာအရပ်တွင် စိုက်ပျိုးရရှိနိုင်သည့်အချက်များ အပေါ်တွင်လည်း မူတည်ပါသည်။
- ဧရာဝတီတိုင်းဒေသကြီး၌ အဓိကအစားအစာအရင်းအမြစ်သည် ငါးပိနှင့်ဆန်ဖြစ်ပြီး ရှမ်းပြည်နယ်တွင်မူ ငရုတ်သီးထောင်းနှင့် ဆန်ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်ရနိုင်မှု အကန့်အသတ် ရှိပါသည်။ အသားနှင့် ပင်လယ်/ရေထွက်အစားအစာ ရရှိနိုင်မှုသည် အလွန်အမင်း အကန့်အသတ် ရှိပါသည်။
- ကျေးရွာများ၏ ဝေးလံမှုနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ လက်လှမ်းမီမှုသည် မိသားစုအာဟာရအပေါ် ကြီးစွာသက်ရောက်မှုရှိပါသည်။ မြို့ပြနှင့်နီးကပ်သော ကျေးရွာများသည်သာ ဈေးများကို လက်လှမ်းမီပါသည်။
- ရှမ်းပြည်နယ်ရှိကျေးရွာအချို့တွင် အစားအစာဝယ်ယူရန်အတွက် ငွေကြေးကိုအခြေခံသောစီးပွားရေး မရှိပါ။
- အမျိုးသမီးအများစုတွင် အာဟာရဆိုင်ရာ သတင်းအချက်အလက်များ မသိရှိကြပါ။ သားဖွားဆရာမများ မှ သတင်းအချက်အလက်များပေးသော်လည်း ယဉ်ကျေးမှုဆိုင်ရာနှင့် ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာ၊ ယုံကြည်မှုများကို ပိုမိုခိုင်မာသက်ဝင်လက်ခံကြပါသည်။ ရှမ်းပြည်နယ်၌ သားဖွားဆရာမများက ပေးသည့် သတင်းအချက်အလက်များအပေါ်တွင်လည်း ယုံကြည်မှုမရှိသည်များလည်း ရှိပါသည်။
- လေ့ကျင့်ပေးထားသော စေတနာ့ဝန်ထမ်းများဖြင့် အာဟာရဆိုင်ရာစီမံချက် လုပ်ဆောင်နေသည့် ရပ်ရွာများ (ဥပမာ - လပွတ္တာ၊ ကြံခင်း)တွင် အစားအစာအုပ်စုနှင့် အာဟာရဆိုင်ရာတန်ဖိုးများ အကြောင်းကို အမျိုးသမီးများအနေဖြင့် ပို၍သိရှိကြပါသည်။

**<u>အဓိကကျသည့် အကြံပြုချက်များ</u>**

- ဒေသအသီးသီးရှိ ရိုးရာဓလေ့၊ ထုံးတမ်းအစဉ်အလာ၊ ယုံကြည်မှုများအား ထည့်သွင်းစဉ်းစားလျက် အာဟာရဆိုင်ရာ စံနှုန်းများအပေါ် ထိရောက်သော ပညာပေးဆက်သွယ်ဆောင်ရွက်မှု ဆောင်ရွက်နိုင်ရန်အတွက် လေ့ကျင့်ပေးထားသော စေတနာ့ဝန်ထမ်းများအား ရပ်ရွာအဆင့်တွင် အသုံးပြုခြင်းသည် အဓိကကျပါသည်။

- လက်ရှိတွင် အာဟာရဆိုင်ရာ သတင်းအချက်အလက်များသည် သားဖွားဆရာမများထံမှ ရရှိသည့်အတွက် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မြို့နယ်အဆင့်တွင် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းရမည် ဖြစ်ပါသည်။ (သတင်းအချက်အလက်ပေးသည့် စာအုပ်များသည် ရှုပ်ထွေးသော်လည်းပဲ)
- အစားအစာအုပ်စု စုံလင်စွာရရှိနိုင်စေရန်အတွက် ယခုစီမံကိန်းသည် အခြားသောစီမံကိန်းများ ဖြစ်သည့် အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာအစီအစဉ်များ၊ စံပြစိုက်ခင်းအစီအစဉ်များ၊ မျိုးစေ့အစီအစဉ်များ နှင့်ချိတ်ဆက်မှု ရှိသင့်ပါသည်။ ထိုသို့မဟုတ်ပါက ထောက်ပံ့ငွေကြေးသည် ပိုမိုကောင်းမွန်သောအာဟာရဆီသို့ ဦးတည်နိုင်မည်မဟုတ်ပါ။
- ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုရရှိရေးအတွက် ထောက်ပံ့ငွေကြေးအား ခရီးစရိတ်အဖြစ် အသုံးပြုနိုင်ကြောင်းလည်း သိရှိထားသင့်ပါသည်။

## ၃။ ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးကျန်းမာရေးစောင့်ရှောက်မှု

**တွေ့ရှိချက်များ**

- ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အရည်အသွေးသည် သားဖွားဆရာမများရှိမှုနှင့် ၎င်းတို့၏ ကွင်းဆင်းဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါသည်။
- ပိုမို၍ ဆင်းရဲသော နှင့် ဝေးလံခေါင်ဖျားသော ဒေသများရှိ မိသားစုများသည် ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အကြံဉာဏ်နှင့် အသိပညာများအတွက် မိသားစုဝင်များအပေါ် မှီခိုအားထားရပါသည်။
- ရှမ်းပြည်နယ်တွင် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် သားဖွားဆရာမများက ဒေသခံဘာသာစကားမပြောဆိုနိုင်ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် သားဖွားဆရာမများအနေဖြင့် အချို့သောကျေးရွာများသို့ သွားရောက်နိုင်မှု မရှိကြပါ။ အချို့သောဖြစ်ရပ်များ၌ ကာကွယ်ဆေးထိုးရခြင်း၏ အကြောင်းရင်းကို မသိရှိကြသည့်အတွက် အိမ်ထောင်စုများကိုယ်တိုင်က ကာကွယ်ဆေးထိုးနှံပေးမှုများအား ငြင်းဆိုကြပါသည်။

**အဓိကကျသည့် အကြံပြုချက်များ**

- ပညာပေးဆက်သွယ်ဆောင်ရွက်မှုများ ထိရောက်မှုရှိစေရန်အတွက် စီမံကိန်းအနေဖြင့် ရပ်ရွာအတွင်းမှ စေတနာ့ဝန်ထမ်းများအား ထည့်သွင်း အသုံးပြုသင့်ပါသည် (လေ့ကျင့်၊ အခကြေးငွေပေး၊ ဆွဲဆောင်)။
- ဝေးလံခေါင်ဖျားသောဒေသများသို့ ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် နည်းလမ်းမျိုးစုံအား ထည့်သွင်း စဉ်းစားထားသင့်ပါသည်။
- အထူးသဖြင့် ရှမ်းပြည်နယ်တွင် ယဉ်ကျေးမှုအရ လိုက်လျောညီထွေမှုရှိသော အသေးစိတ် အထောက်အကူများ ရရှိရန် စီမံကိန်းအနေနှင့် လိုအပ်ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လက်ရှိ မိခင်နှင့်ကလေး ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသူများအား စာရင်းပြုစု၍ ထိတွေ့ဆက်ဆံထားရမည်ဖြစ်ပါသည်။

## ၄။ အပြုအမူပြောင်းလဲရေးဆိုင်ရာ ပညာပေးဆက်သွယ်ဆောင်ရွက်မှု

**<u>တွေ့ရှိချက်များ</u>**

- လက်ရှိတွင် အပြုအမူပြောင်းလဲရေး ပညာပေးဆက်သွယ်ဆောင်ရွက်မှု အားလုံးနီးပါးသည် သားဖွားဆရာမများထံမှ ဖြစ်ပါသည်။ ရှမ်းပြည်နယ်ရှိ အမျိုးသမီးများသည် သားဖွားဆရာမများထံမှ အကြံဉာဏ်များ ရယူခဲ့ပါသည်။
- ဧရာဝတီတိုင်းဒေသကြီး၌ အိမ်ထောင်စုအများစုတွင် လက်ကိုင်ဖုန်းများ ရှိကြပါသည်။ ထိုဖုန်းများအား အမျိုးသားများက အသုံးပြုကြပါသည်။ အမျိုးသမီးအားလုံးနီးပါးက အင်တာနက် အသုံးမပြုကြပါ။
- ရှမ်းပြည်နယ်ရှိ ကျေးလက်ဒေသများတွင် အမျိုးသမီးအများစုသည် မည်သည့်အတွက်မှ လက်ကိုင်ဖုန်း ပိုင်ဆိုင်ခြင်းမရှိသလို အသုံးပြုခြင်းမရှိကြပါ။

**<u>အဓိကကျသည့် အကြံပြုချက်များ</u>**

- စီမံကိန်းအနေဖြင့် ပြည်ထောင်စုအဆင့်၌ ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ အကြံပေးတစ်ဦး (သို့) အချိန်ပြည့်သီးခြားဝန်ထမ်းတစ်ဦး ခန့်အပ်ပြီး ခေတ်မီဆန်းသစ်သော ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာတစ်ရပ်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုမဟာဗျူဟာရေးဆွဲရာတွင် ဘာသာစကား ကွဲပြားခြားနားမှု၊ မိခင်များ၏ ပညာရေးအဆင့်ကွဲပြားခြားနားမှု၊ ဝေးလံခေါင်ဖျားမှုနှင့် လက်ရှိဝန်ဆောင်မှုပေးနေသူများ စသည့်အချက်များအား ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ ဒေသအားလုံးတွင် အကောင်အထည်ဖော်ခြင်းနည်းလမ်းသည် ရှမ်းပြည်နယ်တွင် အလုပ်ဖြစ်မည် မဟုတ်ပါ။
- ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာသည် ပါဝင်ဆောင်ရွက်သူအားလုံးအတွက် ထိရောက်ကျယ်ပြန့်သည့် အထပ်ထပ်သင်တန်းပေးမှုများ နှင့်အတူ လိုအပ်သော ဘဏ္ဍာရေးရင်းမြစ် နှင့် လူသားရင်းမြစ်ပိုင်းဆိုင်ရာ ကုန်ကျစရိတ်တို့ကို ပါဝင်တွက်ချက်ထားသော မဟာဗျူဟာ ဖြစ်သင့်ပါသည်။
- ရှမ်းပြည်နယ်တွင် အပြုအမူပြောင်းလဲရေးဆိုင်ရာ သတင်းအချက်အလက်များပေးခြင်း ဆောင်ရွက်ရာ၌ အရပ်ဖက်လူမှုအဖွဲ့အစည်းများအား အသုံးပြုသွားရန် အကြံပြုပါသည်။
- ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာသည် ချက်ပြုတ်မှု နှင့် မိသားစုတစ်နိုင်တစ်ပိုင် ဥယျာဉ် စိုက်ပျိုးမှု လက်တွေ့သရုပ်ပြခြင်းနှင့် အခြားသော ရုပ်မြင်နည်းလမ်းများကဲ့သို့သော တီထွင်ဆန်းသစ်

ထားသော နည်းလမ်းများအား အသုံးပြုသင့်ပါသည်။ ထို့အပြင် ရပ်ရွာအဆင့်တွင် ရပ်ရွာမှ အားကိုးယုံကြည်သော စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချလေ့ကျင့်ပေးပြီး အသုံးပြုသင့်ပါသည်။

- မည်သည့်ဆက်သွယ်ဆောင်ရွက်မှုမဆို သားဖွားဆရာမများ၊ အရန်သားဖွားဆရာမများ နှင့် အရပ်လက်သည်များထံရောက်ရှိသင့်ပြီး ၎င်းတို့ကိုပါ ပါဝင်ပတ်သက်စေသင့်ပါသည်။

## ၅။ ငွေကြေးထောက်ပံ့သည့် ပုံစံ

**တွေ့ရှိချက်များ**

- သားဖွားဆရာမများ၊ ကျေးရွာအကြီးအကဲများနှင့် အကျိုးခံစားခွင့်ရှိသူ အများစုသည် အကျိုးခံစားခွင့် ငွေကြေးအား ဆက်သွယ်ရေးယန္တရားသုံးငွေလွှဲစနစ်ထက် ငွေသားလက်ဝယ်အရောက် တိုက်ရိုက်ပေး အပ်ခြင်းကို ပိုမိုဆန္ဒရှိကြပါသည်။
- မြို့ပြနှင့်ပိုမိုနီးကပ်၍ သွားလာရပိုမိုလွယ်ကူသောကျေးရွာများ၌ ဆက်သွယ်ရေးယန္တရားသုံးငွေလွှဲစနစ် ဖြင့်လည်းကောင်း၊ WAVE နည်းလမ်းဖြင့်လည်းကောင်း အသုံးပြုမှုများရှိပါသည်။ သို့သော် အများစု သောငွေလွှဲကိစ္စရပ်များ၌ ပုံစံတကျမဟုတ်သော တရားမဝင်ကွန်ရက်များကတဆင့် လက်ခံရရှိခြင်း ပိုမိုများပြားပါသည်။
- အာဟာရဆိုင်ရာစီမံကိန်းသည် ကိုယ်ဝန်ဆောင်နှင့် အသက် ၂ နှစ်အောက် ကလေးရှိသည့် အမျိုးသမီး များအား ဦးတည်ချက်ထားသော်လည်း ဘဏ်နှင့်တယ်လီဖုန်းဖြင့် ငွေလွှဲခြင်းရှိသည့်နေရာများတွင်ပင် အနီးရှိမြို့သို့ ပိုက်ဆံသွားထုတ်သူမှာ အိမ်ထောင်စုထဲရှိ အမျိုးသားများပင်ဖြစ်ပါသည်။ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရန် နှင့် ခရီးစရိတ်တတ်နိုင်ရန်တို့မှာ အမျိုးသမီးများအတွက် အလေးထားစရာ အကြောင်းအရာတစ်ခု ဖြစ်သကဲ့သို့ ခရီးသွားနေစဉ်အတွင်း ကလေးအား ကြည့်ရှုစောင့်ရှောက်ပေးရန် စီမံရခြင်းသည်လည်း ၎င်းတို့အတွက် စိတ်မအေးစေသော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။
- ဘဏ်နှင့် အခြားတရားဝင်နည်းလမ်းများဖြင့် ငွေလွှဲခြင်းများအတွက် အမျိုးသားမှတ်ပုံတင်ကဒ် မရှိ ခြင်းသည်လည်း အဟန့်အတားတစ်ခု ဖြစ်ပါသည်။
- လက်ရှိတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ လူမှုရေး ပင်စင်အား အကျိုးခံစားခွင့်ရှိသူများထံ ငွေသားတိုက်ရိုက်လွှဲပြောင်းပေးအပ်နေပါသည်။
- ဆန်းစစ်တွေ့ရှိချက်အရ ငွေကြေးထောက်ပံ့မှုနှင့် အာဟာရအတွက် ငွေကြေးသုံးစွဲရန် ပေးအပ် မှုများသည် အမျိုးသမီးများ၏ ချဲ့ထီ၊ နှစ်လုံးထီ ထိုးခြင်း၊ အမျိုးသားများ အရက်သောက်သုံးခြင်းနှင့် အိမ်တွင်းအကြမ်းဖက်မှုများကြောင့် အိမ်ထောင်စုများအတွင်း ဘေးအန္တရာယ်ရှိနိုင်သည်ဟု ထင်မြင် ကြပါသည်။

**အဓိကကျသည့် အကြံပြုချက်များ**

- ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ အချို့သောဒေသများ၏ ဝေးလံခေါင်ဖျားမှုနှင့် ပထဝီ ဝင် ဆိုင်ရာ ကွဲပြားခြားနားချက်များအရ၊ တစ်ခုတည်းသော ငွေကြေးလွှဲပြောင်းသည့်နည်းလမ်းသည်

ဒေသအားလုံးတွင် အလုပ်ဖြစ်မည် မဟုတ်ပါ။ ဘဏ်နှင့် WAVE ဝန်ဆောင်မှုအခြေအနေ၊ မိခင်များ၏ ဥပဒေကြောင်းအရ အဆင့်အတန်း၊ လုံခြုံစိတ်ချရသည့် ခရီးသွားလာခြင်းတို့နှင့် ဆက်နွယ်၍ ကျေးရွာများ၏ တည်နေရာအပေါ် အခြေခံကာ ငွေကြေးလွှဲပြောင်းသည့် နည်းလမ်းမျိုးစုံအား ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

- အကျိုးမဖြစ်ထွန်းနိုင်သည့် အကြောင်းအရာများအတွက် အိမ်ထောင်စုများမှ ပိုက်ဆံသုံးစွဲခြင်း အန္တရာယ်အား အသိပညာပေး ဆက်သွယ်ဆောင်ရွက်မှုဖြင့် ဖြေရှင်းသင့်ပါသည်။
- ရပ်ရွာစေတနာ့ဝန်ထမ်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် လူမျိုးစုအဖွဲ့အစည်းများအား ပံ့ပိုးစီစဉ် ဆောင်ရွက်ပေးသူများအဖြစ် အသုံးပြုသင့်ပါသည်။
- ဦးတည်သော အကျိုးခံစားခွင့်ရှိသူများထံ ထောက်ပံ့သည့်ငွေကြေးရောက်ရှိကြောင်း သေချာစေရန် နစ်နာမှုများအား လက်ခံဖြေရှင်းသည့် စနစ်တစ်ရပ်နှင့် စောင့်ကြည့်ကြီးကြပ်သည့်စနစ်တစ်ရပ်အား ပုံစံရေးဆွဲထူထောင်ထားသင့်ပါသည်။
- ဘေးအန္တရာယ်များအား နားလည်သဘောပေါက်ရန်နှင့် စီမံခန့်ခွဲနိုင်ရန်အတွက် စမ်းသပ်ဆောင်ရွက်ခြင်းနှင့် တဖြည်းဖြည်းခြင်းတိုးချဲ့ဆောင်ရွက်ခြင်းများ လိုအပ်ပါသည်။

## ၆။ တိုင်းရင်းသားလူနည်းစုများနှင့် ထိခိုက်လွယ်သော အခြေအနေတွင်ရှိသည့် အုပ်စုများ

**<u>တွေ့ရှိချက်များ</u>** (အဖွဲ့အနေဖြင့် တိုင်းရင်းသားလူနည်းစု ၁၁ စုထံရောက်ရှိခဲ့ပါသည်။)

- ဗမာစကား သို့မဟုတ် အခြားသော အဓိကကျသည့် ဒေသတွင်းသုံး တိုင်းရင်းသားစကားအား နားမလည်သောအခါတွင် ၎င်းတို့၏ ဝန်ဆောင်မှုရပိုင်ခွင့် အခွင့်အရေးများအား ဖြည့်ဆည်းရာ၌ အဟန့်အတားများ ရင်ဆိုင်ရလေ့ရှိပါသည်။ (သတင်းအချက်အလက်များရရှိခြင်း၊ ရှက်ရွံ့ခြင်း၊ ကြောက်ရွံ့ခြင်း အစရှိသည့်)
- အစိုးရ၏ဝန်ဆောင်မှုများသည် ဝန်ထမ်းတစ်ဦးချင်းစီ၏ တိုင်းရင်းသားဘာသာစကားပြော ကျွမ်းကျင်မှုအပေါ် မူတည်ပါသည်။
- လူနာများနှင့် ဆက်သွယ်ပြောဆိုရန် ကူညီဘာသာပြန်ပေးသူရှိသည့် ရှမ်းပြည်နယ်အတွင်းမှ အစိုးရဆေးခန်းတစ်ခုသည် တိုင်းရင်းသားလူမျိုးစုများအကြား ကျော်ကြားပါသည်။
- ကလေးသူငယ်များအား ကျွေးမွေးပြုစုရန် နေ့စဥ်မနားမနေအလုပ်လုပ်နေရသည့် (ကျေးလက်/မြို့ပြမှ) ချို့တဲ့နွမ်းပါးသူများအတွက် အာဟာရဆိုင်ရာ အသိပညာပေးပွဲများနှင့် ပိုက်ဆံထုတ်ယူရမည့် နေ့ရက်များ (မိမိရွာတွင်သာ ပိုက်ဆံထုတ်ရသည် မဟုတ်ပါက) သည် ဝန်ထုတ်ဝန်ပိုးတစ်ခုဖြစ်ပါသည်။ (ဥပမာ- တစ်ကိုယ်ရည် မိခင်များနှင့် ရွှေ့ပြောင်းနေထိုင်သူများ)
- များစွာသော တွေ့ဆုံမေးမြန်းခဲ့သူများ (အထူးသဖြင့် ရွှေ့ပြောင်းနေထိုင်သူများ) တွင် နိုင်ငံသားစိစစ်ရေးကဒ်များ မရှိကြပါ။

**<u>အကြံပြုချက်များ</u>**

- ကျေးရွာတစ်ခုချင်းစီ၌ အသုံးပြုသည့် တိုင်းရင်းသားဘာသာစကားများအား သိရှိရန် စနစ်တစ်ခုထားရှိ၍ စီမံကိန်းတွင်အကျုံးဝင်သည့် မိခင်များအားလုံးထံသို့ အစီအစဥ်ရောက်ရှိကြောင်း သေချာစေရန် ဆက်သွယ်ဆောင်ရွက်မည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်ထားရန်။
- လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများခန့်အပ်ရာ၌ တိုင်းရင်းသားမြို့နယ်များတွင် ဒေသခံများကိုခန့်အပ်သွားရန်
- စီမံကိန်း၏ စေတနာ့ဝန်ထမ်းများတွင် တိုင်းရင်းသားလူမျိုးစုအသီးသီးမှ ပါဝင်စေရန်

- ဗမာစကားမပြောတတ်သူများနှင့် စာမတတ်မြောက်သူများ လက်လှမ်းမီသိရှိနိုင်စေရေးအတွက် စီမံကိန်းဆိုင်ရာ စာရွက်စာတမ်းများသည် စာသားပါဝင်မှု အနည်းငယ်ဖြင့် သို့မဟုတ် စာသားမပါဝင်ပဲ ရိုးရှင်းသည့် စာရွက်စာတမ်းများ ဖြစ်သင့်ပါသည်။
- အကျိုးခံစားခွင့်ရှိသူများအား နိုင်ငံသားစိစစ်ရေးကဒ်ပြားအပေါ် အခြေခံ၍ အစီအစဉ်မှ ထုတ်ပယ်ခြင်းမပြုရန်။
- ပုဂ္ဂိုလ်ရေးသတင်းအချက်အလက်များအား (လူမျိုးစု၊ ဘာသာ၊ ဘာသာစကား၊ ပညာရေးနောက်ခံ အစရှိသည့်) စီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်အတွင်း ထည့်သွင်းထားခြင်းဖြင့် စီမံချက်မှ ရောက်ရှိနိုင်မှုနှင့် ကျန်ခဲ့နိုင်မှု အလားအလာတို့ကို စောင့်ကြည့်ကြီးကြပ်နိုင်မည် ဖြစ်ပါသည်။

## ၇။ ပဋိပက္ခ

**တွေ့ရှိချက်များ**

- ရှမ်းပြည်နယ်မြောက်ပိုင်း၌ လုံခြုံရေးအခြေအနေ ဆိုးရွားလာခဲ့သော်လည်း ရှမ်းပြည်နယ်တောင်ပိုင်းတွင်မူ ၂၀၁၁ခုနှစ်မှ စတင်၍ သွားလာရေး ပိုမိုတိုးတက်ကောင်းမွန်လာခဲ့ပါသည်။
- လူဦးရေ ၁၀၃,၀၀၀ သည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်ဘေးရှောင်စခန်းများတွင် ကာလကြာရှည်စွာ ရွှေ့ပြောင်းနေရာချထား ခံနေကြရပါသည်။
- ၂၀၁၇ခုနှစ်မှစတင်၍ ရှမ်းပြည်နယ်တွင် နောက်ထပ်လူဦးရေ ၃၇,၀၀၀ သည် အိုးအိမ်များအား (ယာယီ) စွန့်ခွါထွက်ပြေးနေခဲ့ရပါသည်။
- အစိုးရဝန်ထမ်းများအား လက်ခံမှုနည်းပါးခြင်းနှင့် ယုံကြည်မှုမရှိခြင်း။

**အကြံပြုချက်များ**

- ဒေသအလိုက်ဖြစ်တန်စွမ်းရှိသည့် ဘေးအန္တရာယ်များနှင့် ပါဝင်ပတ်သက်ဆက်စပ်မည့်သူများအား ဖော်ထုတ်နိုင်ရန်အတွက် အကောင်အထည်ဖော်မည့် မြို့နယ်များအား ဆုံးဖြတ်ခြင်းမပြုမီ မြို့နယ်အလိုက် ပဋိပက္ခဆန်းစစ်ချက်များအား ဆောင်ရွက်သွားရန်။
- လူမှုဝန်ထမ်းနှင့် ကမ္ဘာ့ဘဏ်မှ ဝန်ထမ်းများ ပုံမှန်စောင့်ကြည့်ကြီးကြပ်မှု ပြုလုပ်နိုင်ခြင်းမရှိသည့် ဒေသများတွင် စီမံကိန်းအား အကောင်အထည်ဖော်ခြင်းမပြုလုပ်ရန် အကြံပြုပါသည်။
- ပဋိပက္ခဒေသများတွင်ပြုလုပ်သည့် စီမံကိန်းအနေဖြင့် ပုံစံအားဖြင့် ပြင်လွယ်ပြောင်းလွယ်သောပုံစံမျိုးရှိသင့်ပါသည်။
- ပြောင်းရွှေ့နေထိုင်သည့်နေရာများနှင့် စစ်ဘေးရှောင်စခန်းများတွင် စီမံကိန်းအား မည်သို့ အကောင်အထည်ဖော်မည်ကို စဉ်းစားထားသင့်ပါသည်။
- လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများခန့်အပ်ရာ၌ တိုင်းရင်းသားမြို့နယ်များတွင် ဒေသခံများ ကိုခန့်အပ်သွားရန်။
- ပဋိပက္ခကြောင့် ထိခိုက်ခံစားရမှုရှိသောဒေသများ၌ စီမံကိန်းအကောင်အထည်ဖော်နေသည့် ကာလအတွင်း ပါဝင်ပတ်သက်ဆက်စပ်သူများနှင့် ထိတွေ့ဆက်ဆံခြင်း နှင့် ပုံမှန်စောင့်ကြည့်ကြီးကြပ်ခြင်းများ ပြုလုပ်သွားရန်လိုအပ်ပါသည်။

## မေးခွန်း၊ မှတ်ချက်နှင့် အကြံပြုချက်များ